၂/၁၀/၂၀၀၇

# မြန်မာတပ်မတော် နှင့် အိန္ဒိယတပ်မတော်
# ပူးပေါင်းလူသတ်ပွဲကြီး

၁၉၉၈ ခုနှစ် April နှင့် May လအတွင်း လူသတ်ပွဲကြီးကို မြန်မာ့တပ်မတော် နှင့် အိန္ဒိယတပ်မတော်တို့ သည် ပူးပေါင်းပြီး Adman Sea ပင်လယ်ရေပြင်တွင် ပြုလုပ်ခဲ့ကြပါသည်။ အိန္ဒိယတပ်မတော်မှ ဗိုလ်မှူးကြီး Great World သည် လက်နက်မှောင်ခိုရောင်းဝယ်သူတစ်ဦးအသွင် undercover ဆောင်၍ ထိုင်းမြန်မာနယ်စပ်မှ လက်နက်ကြီး၊ လက်နက်ငယ်များကို လက်နက်မှောင်ခိုများထံ ဝယ်ယူဟန်ဆောင်ပြီး အိန္ဒိယရေပြင်ပိုင်နက် အရောက်တွင် အိန္ဒိယစစ်တပ်ဖြင့် ဝိုင်းဝန်းဖမ်းဆီးပြီး၊ ပစ်သတ်ခဲ့မှုများဖြစ်ပွါးခဲ့ပါသည်။ ဖမ်းဆီးရမိတရားခံများ သည် ယခုအချိန်ထိ အိန္ဒိယနိုင်ငံတွင် အမှုရင်ဆိုင်ရဆဲဖြစ်ပါသည်။ ဖမ်းဆီးခံရသူများမှာ ရခိုင် နှင့် ကရင်လူမျိုးများ ဖြစ်ကြပါသည်။

မြန်မာတပ်မတော်သည် အိန္ဒိယတပ်မတော်၏ သတင်းပေးချက်အရ တပ်မတော် (ကြည်း၊ ရေ၊ လေ) ပူးပေါင်းစစ်ဆင်ရေးကို ၁၉၉၈ ခုနှစ် April, May, June လများတွင် တနင်္သာရီတိုင်း၊ ကော့သောင်းမြို့နယ် ဇာဒတ်ကြီးရေတပ်စခန်းဌါနချုပ်၏ အရှေ့ဘက် ထိုင်းမြန်မာနယ်စပ်ရေပြင်ရှိ ခရစ္စတီးကျွန်း (Christy Island) တွင် စစ်ဆင်ရေးပြုလုပ်ခဲ့ပါသည်။ ၎င်းစစ်ဆင်ရေးတွင် ကျွန်းပေါ်ရှိ အပစ်မဲ့ (၃)နှစ်သမီးမိန်းခလေး၊ မွေးကင်းစခလေးတစ်ဦး နှင့် မီးဖွါးပြီးကာစမိန်းမတစ်ဦး၊ ကိုယ်ဝန်ဆောင်အမျိုးသမီးတစ်ဦး အပါဝင် အပစ်မဲ့ အရပ်သူအရပ်သား (၇၁) ဦးကို ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အမိန့်ဖြင့် ၁၉၉၈ခုနှစ် မေလ တတိယပတ်တွင် ခရစ္စတီးကျွန်းသဲသောင်ပြင်၌ ရေတပ်နှင့် ကြည်းတပ်မှ စစ်သည်များက ပစ်သတ်ပြီး၊ သောင်ပြင်တွင်မြှုပ်နှံခဲ့ပါသည်။ ယခုသွားရှာလျှင် အရိုးစုများတွေ့နိုင် သေးပါသည်။

အဆိုပါစစ်ဆင်ရေးတွင် ယာယီစစ်ဦးစီးမှူးချုပ် (ရေ) ဗိုလ်မှူးကြီးကြည်မင်း (ယခုအငြိမ်းစား ဒုတိယ ဗိုလ်ချုပ်ကြီးကြည်မင်း၊ တပ်မတော်ရေတပ်ဦးစီးချုပ် နှင့် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းများအဖွဲ့ ဒုဥက္ကဌ) ယာယီ စစ်ဦးစီးမှူးချုပ် (လေ) ဗိုလ်မှူးကြီးမြင့်ဆွေ (ယခုအငြိမ်းစား ဗိုလ်ချုပ်မြင့်ဆွေ၊ တပ်မတော်လေတပ်ဦးစီးချုပ်၊ ဦးနေဝင်း မြေများကိစ္စနှင့် အပြစ်ခံရ)၊ အမှတ် (၁၃) စစ်ဆင်ရေးကွပ်ကဲရေးမှူး ဗိုလ်မှူးကြီးသူရမြင့်အောင် (ယခု ဗိုလ်ချုပ် သူရမြင့်အောင်၊ ရောဝတီတိုင်းနအဖဥက္ကဌ နှင့် အနောက်တောင်တိုင်းစစ်ဌါနချုပ်တိုင်းမှူး) တို့ကခေါင်းဆောင်ခဲ့ ပါသည်။

အပစ်မဲ့အရပ်သူအရပ်သားများကို ပစ်သတ်ရာတွင် ဦးဆောင်ခဲ့သူမှာ ကော့သောင်အခြေစိုက် စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးဇော်မင်း (ယခု၊ အမှတ် (၁) လျှပ်စစ်ဌါနဝန်ကြီး နှင့် ကြံ့ဖွံ့တွဲဘက်အထွေထွေအတွင်းရေးမှူး) အမှတ် (၂၆၂) ခြေလျင်တပ်ရင်းမှူး ဒုတိယဗိုလ်ချုပ်ကြီးစိုးတင် (ယခု၊ ညွှန်ကြားရေးမှူး အမှတ် (၁) စက်မှုဝန်ကြီးဌါန) အမှတ် (၄၀၅ (သို့) ၄၀၃) ဘုတ်ပြင်မြို့ ခြေလျင်တပ်ရင်းမှူး၊ ဒုတိယ ဗိုလ်မှူးကြီးဝင်းဆွေ (ယခု စစ်ဗျူဟာမှူး)၊ ရေတပ်စစ်ရေယာဉ်မှူး ဗိုလ်မှူးအောင်ကြီးတို့ဖြစ်ပါသည်။

ဖြစ်စဉ်မှာ ဗိုလ်မှူးကြီးဇော်မင်း ဦးစီးသော တပ်မတော်သားများသည် ခရစ္စတီကျွန်းနှင့် ပတ်ဝန်းကျင်ကျွန်း (၃) ကျွန်းအားတက်ရောက်ရှင်းလင်းရာတွင် ကော့သောင်မြို့အနီးကျေးရွာများမှ သစ်ခုတ်ဝါးခုတ်ရောက်ရှိ နေကြသော ခလေး၊ ကိုယ်ဝန်ဆောင်မိန်းမ၊ ယောကျာ်း (၅၉) ဦးကို ဖမ်းဆီးခဲ့ပါသည်။ ဖမ်းဆီးရသည့်သူများအား စစ်ဌါနချုပ် ကကြည်းသို့ ဆက်လက်တင်ပြပါသည်။ တင်ပြအပြီး တစ်လခန့်အကြာတွင် ကကြည်းမှ အရေးကြီး ကြေးနန်းတစ်ခု ဝင်လာခဲ့ပါသည်။ ဖမ်းဆီးရသူအားလုံးကို သတ်ပစ်ပြီး အစဖျောက်ပစ်ရန် ညွှန်ကြားခဲ့ပါသည်။

၄င်းညွှန်ကြားချက်ကို ဒုဗိုလ်ချုပ်ကြီးကြည်မင်း၊ ဗိုလ်ချုပ်မြင့်ဆွေ၊ ဗိုလ်ချုပ်သူရမြင့်အောင်တို့ (၃)ဦးတို့ ညှိနှိုင်းခဲ့ပါသည်။ ဗိုလ်ချုပ်သူရမြင့်အောင်မှ ပစ်သတ်မှုကိုထောက်ခံခဲ့ပါသည်။ ဗိုလ်ချုပ်မြင့်ဆွေမှ ဘာမျှမဝေဖန်ခဲ့ပါ။ ဗိုလ်ချုပ်ကြီးကြည်မင်းမှ နောက်တစ်နေ့နံက်တွင် စစ်ဦးစီးဗိုလ်မှူးကြီးမြင့်ဆွေ (ယခုဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ)နှင့် တိုက်ရိုက်စကားပြောပြီးအမိန့်ကို confirm လုပ်ရန်ဆုံးဖြတ်ခဲ့ပါသည်။ အဘယ်ကြောင့်ဆိုသော် ဗိုလ်ချုပ်ကြီးမောင်အေး၊ အရက်မူးနေစဉ် အမိန့်ပေးတာမျိုးဖြစ်နိုင်သည်ဟု ထင်သောကြောင့်ဖြစ်ပါသည်။

နောက်တစ်နေ့နံက် (၉)နာရီခန့်တွင် ဒုတိယဗိုလ်ချုပ်ကြီးကြည်မင်း (ရေ)သည် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဆက်သွယ်ရေးစကားပြောစက်ဖြင့် ပြောခဲ့ပါသည်။ ဒုဗိုလ်ချုပ်ကြီးမြင့်ဆွေမှ အဆိုပါအမိန့်သည် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ တိုက်ရိုက်လာသောအမိန့်ဖြစ်သည်၊ အားလုံးကို တစ်ယောက်မှ အရှင်မမြင်ချင်ဘူးဟု အမိန့်ပေးခဲ့ပါသည်။

အရပ်သားများအားသတ်ပစ်ခဲ့ပြီး (၂) ရက်အကြာတွင် ခရစ္စတီကျွန်းအနီး လမ်းမှားရောက်ရှိခဲ့သော ရခိုင်ဘက်မှလာသော တရားဝင်ငါးဖမ်းစက်လှေ တစ်စီးကို ထိုင်းလူမျိုး (၂၂)ဦးနှင့် အတူ၊ တပ်မတော် ရေတပ် စစ်ရေယာဉ်မှူးဗိုလ်မှူးအောင်ကြီး၏ စစ်ရေယာဉ်မှ ဖမ်းဆီးခဲ့ပါသည်။ အဆိုပါ ထိုင်း (၂၂)ဦးကိုလည်း ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ အမိန့်အတိုင်း ခရစ္စတီကျွန်းပေါ်တင်ပြီး တပ်မတော်ရေမှ ဗိုလ်မှူးအောင်ကြီးဦးစီးရေတပ်သားများမှ တာဝန်ယူ သတ်ပစ်ခဲ့ပါသည်။ ထိုင်းများ၏ စက်လှေကို ပင်လယ်ပြင်တွင် မီးရှို့၍ နှစ်မြုပ်ခဲ့ပါသည်။

အဆိုပါဖြစ်စဉ်များနှင့် ပတ်သက်၍၊ ဗိုလ်မှူးတင့်ဆန်း (ကကကြည်း)၊ ဗိုလ်မှူးမောင်မောင်သန်း (ကကလေ)၊ ဗိုလ်မှူးမောင်မောင်လတ် (ကကရေ)၊  ဒုတိယဗိုလ်ချုပ်ကြီးမောင်မောင်သစ် (ဇာဒတ်ကြီးရေတပ်စခန်း) တို့အား သက်သေအဖြစ် မေးမြန်းနိုင်ပါသည်။

အလားတူဖြစ်စဉ်မျိုးမြောက်များစွာကို ဗိုလ်ချုပ်မှူကြီးသန်းရွှေ၏ "အစိပ်သားတောင်မချန်နဲ့" အမိန့်ဖြင့် ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်း၊ တနင်္သာရီတိုင်းရှိ အပစ်မဲ့ အရပ်သူအရပ်သားများ သတ်ခံခဲ့ရပါသည်။

လိုအပ်သလိုအသုံးပြုနိုင်ရန် ဤစာတမ်းကို တင်ပြခြင်းဖြစ်ပါသည်။

နိုင်ငံတော်ကိုသာသစ္စာရှိသူတစ်ဦး